**ကျေးလက်ဒေသများတွင် ဆင်းရဲမွဲတေမှုပပျောက်ရန် လူထုအသားပေး ဖွံ့ဖြိုးရေးအစီအစဉ်များမှ တစ်ဆင့် ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံတို့ ပြန်လည်ညှိနှိုင်းဆောင်ရွက်ခြင်း**

**ရန်ကုန်၊ နိုဝင်ဘာ ၂၂၊ ၂၀၁၂ -** ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံသည် ယခုလတွင် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ပါသည်။ ဘဏ်ဒါရိုက်တာဘုတ်အဖွဲ့၏ အတည်ပြုထောက်ခံချက်ဖြင့် နိုင်ငံတွင်း လူထုအသားပေးဖွံ့ဖြိုးရေးစီမံကိန်းအား ကြားဖြတ်မဟာဗျူဟာ ချမှတ်ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဖြစ်သည်။ ဩဂုတ်လအတွင်းက ရန်ကုန်၌ရုံးတစ်ခုကို ဖွင့်လှစ်ခဲ့ပြီးသည့်နောက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။ အထူးအားဖြင့် ဆင်းရဲနွမ်းပါးသူများအပါအဝင် မြန်မာပြည်သူများ အကျိုးကျေးဇူးရရှိစေရန်အတွက် ဖွံ့ဖြိုးရေးအစီအစဉ်များကို အလေးအနက်ထားဆောင်ရွက်နိုင်ရန် ဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ % ကျော် နေထိုင်သည့် ကျေးလက်ဒေသများ၌ ဆင်းရဲမွဲတေမှုပြဿနာသည် အလွန်ထင်ရှားပေါ်လွင်လျက် ရှိပါသည်။ ဆယ်စုနှစ်များစွာ အရင်းအနှီးအထောက်အပံ့များ လုံလောက်စွာ မရခဲ့ခြင်းကြောင့် ကျေးလက်နေပြည်သူများအား နစ်နာဆုံးရှုံးမှုများ ဖြစ်စေခဲ့သည်။ ၎င်းတို့အနေဖြင့် အစိုးရမှ ပေးအပ်ထားသော ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြေခံအဆောက်အဦများ၌ ခံစားခွင့် အနည်းငယ်သာ ရရှိခဲ့ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်သည် ပြောပလောက်အောင် ဖြစ်ပေါ်ခဲ့ခြင်းမရှိပေ။

နိုင်ငံတွင်း လူထုအသားပေးဖွံ့ဖြိုးရေးစီမံကိန်းသည် နိုင်ငံပိုင်အစိုးရ၏ ရည်မှန်းချက်များနှင့်အညီ ထိုစိန်ခေါ်မှုများကို အစောတလျင် ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်သည်။ အစိုးရက ပြည်သူများကို ပေးအပ်ထားသော ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြေခံအဆောက်အဦများကို အထက်ပိုင်းမှ အောက်ခြေအထိ "ထက်အောက်စုန်ဆန်" တစ်နည်းတစ်ဖုံ ပြောင်းလဲပစ်ရန် ဖြစ်သည်။

"*ဒီလို လူထုအသားပေး ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခု စတင် အကောင်အထည်ဖော်တဲ့နေရာမှာ ဘုတ်အဖွဲ့ရဲ့ ထောက်ခံချက်ဟာ ပထမခြေလှမ်းမျှသာဖြစ်ပြီး၊ အရပ်ဘက် လူ့အဖွဲ့အစည်းတွေနဲ့ ဒေသခံပြည်သူတွေကို ထပ်မံဆွေးနွေးညှိနှိုင်း လုပ်ဆောင်ဖို့ လမ်းဖွင့်ပေးလိုက်ခြင်းလည်း ဖြစ်ပါတယ်*" ဟု ကမ္ဘာ့ဘဏ်၏ မြန်မာပြည် တာဝန်ခံ မန်နေဂျာ မစ္စတာကန်သန် ရှန်ကာက ပြောပါသည်။

"*ဒေသခံပြည်သူတွေဟာ ထောက်ပံ့ပေးထားတဲ့ ရန်ပုံငွေတွေကို သူတို့လိုချင်တဲ့ ပုံစံအတိုင်း ရွေးချယ်သုံးစွဲခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ လမ်းတံတားများအတွက်၊ ကျန်းမာရေး ဆေးပေးခန်းများအတွက် ဒါမှမဟုတ် စာသင်ခန်းများ တည်ဆောက်ပြုပြင်ရေးအတွက် ဒါမှမဟုတ် သောက်ရေသန့်ရရှိရေးအတွက် စသဖြင့်ပေါ့* "ဟုသူက ပြောပါသည်။

**လူထုအသားပေးဖွံ့ဖြိုးရေးများ ရှေ့သို့ ဆက်လက်ဆောင်ရွက်ရေး**

ကမ္ဘာ့ဘဏ်မှ အထောက်အပံ့ပေးထားသည့် လူထုအသားပေး ဖွံ့ဖြိုးရေးစီမံကိန်းများသည် အရှေ့အာရှရှိ အခြားနိုင်ငံများ၏ ဆင်းရဲနွမ်းမှုလျှော့ချရေးတွင် အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ စီမံကိန်း အထောက်အပံ့မရရှိသည့် ဒေသများနှင့်နှိုင်းစာလျှင် အင်ဒိုနီးရှားနိုင်ငံရှိ ဆင်းရဲနွမ်းပါးသည့် ခရိုင်ငယ်များတွင် ဆင်းရဲတွင်းမှ လွတ်မြောက်သွားသည့် အိမ်ထောင်စု အချိုးအစားမှာ ၉.၂ % မြင့်တက်ခဲ့ပြီး၊ ဖိလစ်ပိုင်နိုင်ငံ၌ နိုင်ငံသားတစ်ဦးချင်းစီ၏ နှစ်စဉ်အသုံးစရိတ်သည် ငါးရာခိုင်နှုန်းကျော် မြင့်တက်ခဲ့သည်။

ထိုအတွေ့အကြုံများမှ ရရှိထားသော သင်ခန်းစာများက မြန်မာနိုင်ငံ၌ စီမံကိန်းဆောင်ရွက်ရာတွင် အထောက်အကူပြုလျက်ရှိသည်။ သာဓကအားဖြင့် ကမ္ဘာ့ဘဏ်သည် အကျိုးရလဒ်ကောင်းများရရှိစေရေးအတွက် ရေရှည် အချိန်အတိုင်းအတာတစ်ခု လိုအပ်သည်ကို သိရှိခဲ့ပြီး စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ဆိုလျှင် အချိန်ကာလအားဖြင့် ခြောက်နှစ်ကျော်မျှ ကြာမြင့်ပေလိမ့်မည်။

လွန်ခဲ့သောလများအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ခဲ့ကြသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အခြားအသင်းအဖွဲ့များကို စီမံကိန်းအတွက် အထောက်အပံ့ပေးရေး၊ သင်တန်းများပို့ချရေးနှင့် နည်းပညာအကူအညီပေးရေးတို့တွင် ပြည်ထောင်စုအဆင့်၊ မြို့နယ်အဆင့်များ သတ်မှတ်လုပ်ကိုင်စေမည်ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်ရေးတွင် ညွှန်ပြပေးနိုင်မည့် လုပ်ငန်းစဉ် လက်စွဲနည်းနာနိဿယများလည်း ပေါ်ပေါက်လာပါလိမ့်မည်။ စီမံကိန်းတွင် ပါဝင်မည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ထပ်မံညှိနှိုင်းဆွေးနွေးခြင်းများအပြင်၊ သင်တန်းများပို့ချခြင်းကိုပါ တစ်ပါတည်း လုပ်ဆောင်သွားမည် ဖြစ်သည်။

"*ကျွန်တော်တို့ ယခုလို မြန်မာနိုင်ငံနဲ့ ပြည်လည်ချိတ်ဆက် ဆောင်ရွက်တဲ့နေရာမှာ ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းတွေဟာ အလွန် အဓိက ကျပါတယ်*" *ဟု* မစ္စတာကန်သန် ရှန်ကာက ပြောပါသည်။

"*ကျွန်တော်တို့ ဒီစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်ရာမှာ ကမ္ဘာ့ဘဏ်အနေဖြင့် အစိုးရကိုယ်တိုင် ဦးဆောင်ပါဝင်မည့် ညှိနှိုင်းဆွေးနွေးပွဲများအား ကျယ်ကျယ်ပြန့်ပြန့်နဲ့ အပြည့်အဝ အကူအညီ ပေးသွားမယ်ဆိုတဲ့အကြောင်း ဝန်ခံကတိပြုထားပါတယ်*"

" *ဒေသခံပြည်သူတွေဟာ ထောက်ပံ့ပေးထားတဲ့ ရန်ပုံငွေတွေကို သူတို့လိုချင်တဲ့ပုံစံအတိုင်း ရွေးချယ်သုံးစွဲခွင့်ရှိကြမှာဖြစ်ပါတယ်။ လမ်းတံတားများအတွက်၊ ကျန်းမာရေးဆေးပေးခန်းများအတွက် ဒါမှမဟုတ် စာသင်ခန်းများ တည်ဆောက်ပြုပြင်ရေးအတွက် ဒါမှမဟုတ် သောက်ရေသန့်ရရှိရေးအတွက် စသဖြင့်ပေါ့*"



ကန်သန်ရှန်ကာ

မြန်မာပြည်တာဝန်ခံမန်နေဂျာ ၊ ကမ္ဘာ့ဘဏ်

**အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုကို အားပေးကူညီခြင်း**

ကျေးရွာအဆင့်၌ ရွာသူရွာသားများသည် အခြေခံအဆောက်အဦငယ်များ အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ကွပ်ကဲမည့် ကော်မတီအဖွဲ့ဝင်များကို ၎င်းတို့ကိုယ်တိုင် ရွေးချယ်ခန့်အပ်ရမည် ဖြစ်သည်။ ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် လူထုအစည်းအဝေးများ ပုံမှန်ကျင်းပရမည်။ ထို့ပြင် လက်ခံသဘောတူထားသည့် စီမံကိန်းများအကောင်အထည် ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ရန်ပုံငွေများကို မည်သို့ သုံးစွဲနေသည်ကို ရွာလုံးကျွတ်သိသာစေရန် ကော်မတီဝင်များက အစီရင်ခံစာများ ပြန်လည်တင်ပြရမည်။ လုပ်ဆောင်ချက်များသည် သူ့နေရာနှင့်သူ

အစီစဉ်တကျဖြစ်စေရမည့်အပြင် အမျိုးသမီးများသည်လည်း ကော်မတီများတွင် သာတူညီမျှ ကိုယ်စားပြု ပါဝင်နိုင်ရမည်ဖြစ်သည်။

*"ဘာတွေဖြစ်ပျက်နေတယ်ဆိုတာကို အမျိုးသမီးတွေအနေနဲ့ ပြောပိုင်ခွင့်ရှိဖို့ အရေးကြီးပါတယ်။ ကျေးရွာတိုင်းဟာ အမျိုးသားရော အမျိုးသမီးကိုယ်စားလှယ်များပါ ရွေးချယ်ခန့်ထားကြရပါမယ်"* ဟုမစွတာရုန်ကာမှ ရှင်းပြပါသည် ။

**စီမံကိန်းအတွက် ရန်ပုံငွေထောက်ပံ့ခြင်း**

ကမ္ဘာ့ဘဏ်မှ စီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ထောက်ပံ့ကူညီထားပါသည်။ မြန်မာနိုင်ငံတော်အစိုးရမှ အမေရိကန်ဒေါ်လာ ၆.၃ သန်းခန့် ထည့်ဝင်ကူညီမည် ဖြစ်သည်။ ထိုစီမံကိန်းကို ကမ္ဘာ့ဘဏ်၏ ငွေကြေးနှင့် နည်းပညာအကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။

ပင်ကိုယ်အားဖြင့် ဆင်းရဲနွမ်းပါးခြင်း၊ ပြင်ပမှငွေကြေးအထောက်အပံ့မရရှိခြင်း၊ စီမံကိန်းဦးတည်ချက်များအတိုင်း ဆောင်ရွက်ရန် ဒေသခံအုပ်ချုပ်သူများမှ အာမခံချက်ပေးနိုင်ခြင်းဟူသော စံ (၃) ရပ်ကို အခြေခံ ရွေးချယ်ထားသည့် နိုင်ငံအတွင်းရှိ မြို့နယ် ၁၅ ခုတွင် စီမံကိန်းကို စတင်ဆောင်ရွက်မည်။ စီမံကိန်းကြောင့် အကျိုးကျေးဇူးရရှိသွားသည့် ကနဦး မြို့နယ် သုံးခုကိုလည်း မကြာမီ ရွေးချယ်သတ်မှတ်မည်။ လူထုအတွင်း အခြေခံအဆောက်အဦများအတွက် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၇၀၀၀ စီဖြင့် တစ်နှစ်လျှင် သုံးကြိမ်ကျ ကျေးရွာအုပ်စု ၆၄၀ ခန့်ကို ရန်ပုံငွေ ထောက်ပံ့ကူညီမည်ဖြစ်သည် ။

**ဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အခြေခံအုတ်မြစ်ချခြင်း**

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ကျေးလက်နေပြည်သူများ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြေခံ အဆောက်အဦများအား အလွယ်တကူ ရရှိစေရန် ကူညီခြင်းသည် ကမ္ဘာ့ဘဏ်၏ ကြားဖြတ်မဟာဗျူဟာတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည်။ မြန်မာနိုင်ငံတွင် လာမည့် (၁၈) လ အတွင်း ကမ္ဘာ့ဘဏ်၏ လုပ်ငန်းကို ဤမဟာဗျူဟာမှ ဦးဆောင်ညွှန်ပြပေးလိမ့်မည်။ ဤကြားဖြတ်မဟာဗျူဟာအရ စီးပွားရေးတိုးတက်မှုများ အပါအဝင် ပြုပြင် ပြောင်းလဲမှုများတွင် အထောက်အပံ့ပေးနိုင်ရေးနှင့် တိုးတက်ကောင်းမွန်သော အုပ်ချုပ်ပုံနှင့် စီးပွားရေးစီမံခန့်ခွဲမှုများအတွက် ပြဌာန်းချက်များ အခိုင်အမာ ရေးဆွဲနိုင်ရေး အခြေခံအုတ်မြစ် ချမှတ်ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ ကမ္ဘာ့ဘဏ် အနေဖြင့် မြန်မာနိုင်ငံအတွက် အထူးတလည် လိုအပ်မည့် အချက်အလက်များနှင့် စိစစ်တွေ့ရှိချက်များကို အလွယ်တကူ ရရှိအောင် ဆောင်ရွက်ပေးမည့်အပြင် လတ်တလော ဖွံ့ဖြိုးရေးကိစ္စများ ဖြေရှင်းပေးနိုင်မည့် ကမ္ဘာနှင့် ဒေသတွင်းဆိုင်ရာ ပညာရပ်များအား မျှဝေပေးမည် ဖြစ်သည်။

မြန်မာနိုင်ငံမှ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်များသို့ ပေးဆပ်ရန် ကျန်နေသည့် ကြွေးမြီများ ကင်းရှင်းသွားမည့် ၂၀၁၃ အစောပိုင်းခန့်တွင် ကမ္ဘာ့ဘဏ်အနေဖြင့် အတိုးမဲ့ချေးငွေ အမေရိကန်ဒေါ်လာ ၁၆၅ သန်းကို အဆိုပါ ကနဦး (၁၈) လ အတွင်း ထုတ်ပေးရန် ရည်ရွယ်ထားပါသည်ဟု ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌ ပမ်မလာကော့စ်က ဆိုပါသည်။